**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၆/ ၂၀၁၃)**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

အကြောင်းအရာ။ **ပြည်ပသို့အခမဲ့တင်ပို့မည့်နမူနာပစ္စည်းများနှင့်ကြော်ငြာပစ္စည်းများ၏ တန်ဖိုး ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ**

၁။ ပြည်ပသို့အခမဲ့တင်ပို့သည့်နမူနာပစ္စည်းများနှင့်ကြော်ငြာပစ္စည်းများသည် တန်ဖိုးငွေကျပ် (၅၀၀၀)ထက် မပိုပါက ပို့ကုန်လိုင်စင်/ ပါမစ်လျှောက်ထားရန်မလိုဘဲ တင်ပို့ခွင့်ပြုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၉-၂-၁၉၉၉ ရက်စွဲပါအမိန့်အမှတ် ၃/၉၉ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ ပြောင်းလဲတိုးတက်လာသည့် အခြေအနေများနှင့်လိုက်လျောညီထွေဖြစ်စေရန် အတွက် ပို့ကုန်လိုင်စင်/ပါမစ်ရယူရန်မလိုဘဲ ပြည်ပသို့အခမဲ့တင်ပို့သော နမူနာပစ္စည်းများနှင့် ကြော်ငြာ ပစ္စည်းများ၏တန်ဖိုးကို ဤသတင်းလွှာထုတ်ပြန်သည့်နေ့မှစ၍ ကျပ်ငွေ (၅၀၀၀) အစား အမေရိကန် ဒေါ်လာ (၅၀၀)ထက်မပိုသည့် တန်ဖိုးအဖြစ် သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**